dvbdebate.com facebook.com/dvb.debate Twitter@dvbdebate

"ဒီဗွီဘီ ဒီဘိတ်"အခြေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group ကနေ အပတ်စဉ် စနေနေ့တိုင်း ရိုက်ကူးကာ ဒီဗွီဘီ ရုပ်သံလိုင်းမှတဆင့် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။

**DVB TV**

| | |
|---|---|
| Sunday | 7.15 pm |
| Monday | 1.15 am / 7.15 am / 1.15 pm |
| Wednesday | 8.45 pm |
| Thursday | 2.45 am / 8.45 am / 2.45 pm |
| Friday | 8.45 pm |
| Saturday | 2.45 am / 8.45 am / 2.45 pm |

**DVB RADIO**

| | |
|---|---|
| Saturday<br>Sunday | Evenings<br>Mornings |

**DVB ONLINE**

| | |
|---|---|
| dvbdebate.com<br>facebook.com/dvb.debate<br>twitter @dvbdebate | 24/7 |

DVB Debate ဟာ အတွေးမြင်အယူအဆများ ဖလှယ်ကာ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်ရန်၊ အပြန်အလှန်နားလည်မှုများ ဖန်တီးတည်ဆောက်ရန်၊ မြန်မာ့အနာဂတ်ပိုမိုကောင်းမွန်လာစေဖို့ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ ပြဿနာများကို အဖြေရှာနိုင်စေရန်နှင့် လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားမှုတွေကို လက်ခံပေးနိုင်တဲ့ အခြေအတင်ဆွေးနွေးခြင်း ယဉ်ကျေးမှုပေါ်ထွက်လာစေရန် ရည်ရွယ်ပါတယ်။ အဖွဲ့အနေဖြင့် အခြား မီဒီယာများနှင့် ဆွေးနွေးပွဲ အသင်းအဖွဲ့များကိုလည်း ယခုလို ပွင့်လင်းတဲ့ အခြေအတင်ဆွေးနွေးပွဲများမှာ ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနှင့် ကာတွန်းများကို ရုပ်သံရိုက်ကူးအပြီး မကြာခင်မှာပဲ ဒီဗွီဘီ ဒီဘိတ်၏ ဖေ့ဘုတ် စာမျက်နှာနှင့် ဝက်ဘ်ဆိုဒ်များမှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းရှိ အခြေအတင်ဆွေးနွေးပွဲ အစီအစဉ်များကို ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက်လည်း DVB Debate မှာ ရန်ပုံငွေများရှိပါကြောင်း အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***Heritage: Is it too late to restore?***

ဆိုတာပဲဖြစ်ပါတယ်။

- ❖ မှတ်ချက်ပြုလိုသည်များ၊ အကြံပေးလိုသည်များနှင့် မေးခွန်းများ မေးမြန်းလိုပါက ရုံးချိန်အတွင်း ၀၁ ၂၉၂၇၄၃ သို့ဆက်၍ဖြစ်စေ၊ debate@dvb.no သို့ဖြစ်စေ ဆက်သွယ်၍ အဖွဲ့ဝင်တဦးဦးထံသို့ မေးမြန်းနိုင်ပါသည်။

## This week's topic is HERITAGE

### *Historical context:*

မြန်မာနိုင်ငံဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အမျိုးမျိုး ပေါကြွယ်ဝလှတာမို့ ဂုဏ်ယူစရာကောင်းပါ တယ်။ ပျူခေတ်ဗိသုကာလက်ရာဝင်အဆောက်အဦတွေ၊ ဗြိတိသျှကိုလိုနီခေတ်အဆောက်အအုံတွေ နိုင်ငံတစ်ဝှမ်းက စေတီပုထိုးတွေနဲ့ ခမ်းနားကြီးကျယ်တဲ့သမိုင်းဝင်နယ်မြေတွေ တွဲဖက်လိုက်တဲ့အခါ မှာတော့ မြန်မာဟာ တစ်မူထူးခြားသွားပါတော့တယ်။ ပုဂံရှေးဟောင်းသမိုင်းဝင်နယ်မြေမှာ ဂူဘုရား၊ စေတီ၊ ကျောင်းတော်ပေါင်း (၄၀၀၀) လောက် ရှိတယ်လို့ဆိုပါတယ်။ ကမ္ဘာတစ်ဝှမ်းက ခရီးသည်တွေဟာလည်း မိုးကုပ်စက်ဝိုင်းနောက်ခံထားတဲ့ ပုဂံဒေသရဲ့ရှုခင်းတွေကိုလာရောက်ကြည့်ရှု ကြပါတယ်။ ဒါပေမယ့် ၁၉၇၅ခုနှစ်က အကြီးစားငလျင်တစ်ခုလှုပ်အပြီးမှာ မွမ်းမံပြင်ဆင်မှုတွေကို အလျင်စလိုလုပ်ဆောင်ခဲ့တာကြောင့် ပုဂံအဆောက်အအုံတွေရဲ့ သမိုင်းတန်ဘိုးတွေ အကြီးအကျယ် ဆုံးရှုံးခဲ့ရပါတယ်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကိုလည်း သမိုင်းတန်ဘိုးကိုနဂိုအတိုင်း ထိန်းသိမ်းနိုင်အောင်အားထုတ်ခြင်းမရှိ အပိုဝင်ငွေရှာတဲ့အလုပ်သမားလောက်နဲ့ ဖြစ်ကတတ်ဆန်း ဆောင်ရွက်ခဲ့ပါတယ်။ အပူပိုင်းရာသီဥတုနဲ့ ပြင်းထန်လွန်းတဲ့မိုးရာသီကလည်း သမိုင်းဝင်အဆောက်အဦ တွေကို ပျက်စီးစေတဲ့အကြောင်းတရားတွေပါပဲ။ ၁၉၉၆ခုနှစ်မှာ မြန်မာနိုင်ငံက တစ်နိုင်ငံလုံးက သမိုင်းဝင်နယ်မြေ(၈)ခုကို ယူနက်စကိုအဖွဲ့ကြီးရဲ့ ကမ္ဘာ့အမွေအနှစ်နယ်မြေတွေအဖြစ် သက်မှတ်ပေးဖို့ အဆိုတင်သွင်းခဲ့ရာမှာ ဥပဒေအရ ကာကွယ်မှုအားနည်းခြင်း စီမံခန့်ခွဲမှုအားနည်းခြင်း စတဲ့အချက်တွေကြောင့် ငြင်းပယ်ခံခဲ့ရပါတယ်။ ဒီကနေ့ခေတ်မှာတော့ နိုင်ငံရဲ့အမွေအနှစ်တွေဟာ ဆယ်စုနှစ်ချီပြီးပစ်ပယ်ထားခဲ့တဲ့ဒဏ်နဲ့ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပေါ်ပေါက်လာတဲ့ ဖိအားအသစ်တွေကို ရင်ဆိုင်နေရပြီဖြစ်ပါတယ်။

### *Facts and Figures:*

- မြန်မာသမိုင်းမှတ်တမ်းတွေအရ ပုဂံပြည်ကို ခရစ်နှစ် ၂၀၀ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး ၈၄၉ ခုနှစ်မှာ ခံစစ်အတွက်အခိုင်အမာပြင်ဆင်ခဲ့တယ်လို့ဆိုပါတယ်။
- ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ နှစ် ၂၆၀၀ပြည့် ပွဲတော်ကို ကျင်းပခဲ့ပါတယ်။
- ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ ယူနက်စကိုအဖွဲ့က မြန်မာနိုင်ငံရှိသွားရောက်လည်ပတ်သင့်တဲ့ နေရာ(၇)နေရာကို ကမ္ဘာ့အမွေအနှစ်စာရင်းမှာဆန်ကာတင် ရွေးချယ်ခဲ့ပါတယ်။
- ရန်ကုန်မြို့မှာ သမိုင်းဝင်အမွေအနှစ်အဆောက်အအုံတွေအဖြစ် အစိုးရက စာရင်းထုတ်ပြန်ထားတဲ့ အဆောက်အဦး(၁၈၉)လုံးရှိပါတယ်။
- ကျောက်ဆစ်အတတ်ဖြစ်တဲ့ ပန်းတမော့၊ ရွှေငွေလက်ဝတ်ရတနာတွေကိုဖန်းတီးတဲ့ ပန်းထိမ်အတတ်နဲ့ ယွန်းထည်တွေလုပ်တဲ့ ပန်းယွန်းအတတ်အပါအဝင် မြန်မာရိုးရာလက်မှုအတတ်တွေ ဖြစ်တဲ့ ပန်းဆယ်မျိုးရယ်လို့ရှိပါတယ်။

### *Points of view:*

"အခုဆိုရင် ရုပ်ပိုင်းဆိုင်ရာအခင်းအကျင်းတွေစပြီးပြောင်းလဲနေပါပြီ။ ဒီလိုအခြေအနေမျိုးမှာ ကိုယ့်သမိုင်း ကိုပြန်အမှတ်ရပြီး သိပ်နောက်မကျသေးခင်းမှာ တတ်အားသရွေ့ထိန်းသိမ်းနိုင်ဖို့လိုပါတယ်။"လို့ ရန်ကုန်သမိုင်းဝင်အမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့မှ ဦးသန်းမြင့်ဦးကပြောပါတယ်။

"ရှေးဟောင်းအဆောက်အဦတွေဟာ အစားထိုးမရတဲ့ အမွေအနှစ်တွေပါပဲ"လို့ ရှေးဟောင်းသုတေသန၊အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဌာနမှ မလွင်မာဦးကဆိုပါတယ်။

"ကုမ္ပဏီတစ်ခုအနေနဲ့ သမိုင်းဝင်အမွေအနှစ်အဆောက်အဦတစ်ခုကို ပြန်လည်မွမ်းမံတည်ဆောက်ခွင့် ရမယ်ဆိုရင် အများကြီးအဆင်ပြေမယ်လို့ထင်ချင်စရာပါ။ ဒါပေမယ့် တကယ်တမ်း စီးပွားရေးရှုထောင့်က ကြည့်ရင် အသစ်ဆောက်လိုက်တာကမှ ပိုပြီးကောင်းပါလိမ့်မယ်။"လို့ တိုနီပီကွန်း ကပြောပါတယ်။

"ကျွန်တော်တို့က ဒီအဆောက်အဦးဟောင်းကြီးကိုဖြိုချပြီး အသစ်ပြန်ဆောက်မှာပဲလို့ မျှော်လင့်ထားတာ။ ကျန်းမာရေးနဲ့ညီညွတ်ပြီး ဘေးကင်းလုံခြုံတဲ့ ခေတ်မှီအဆောက်အဦးမျိုးမှာပဲနေချင်ပါတယ်။"လို့ ရှေးဟောင်းအမွေအနှစ်အဆောက်အဦးစာရင်းဝင်ထားပြီး အန္တရာယ်ရှိအဆောက်အဦးတစ်ခုမှာ အရင်က နေထိုင်ခဲ့သူ ဦးသိန်းသန်းထွန်းကဆိုပါတယ်။

### *Information Links:*

www.yangonheritagetrust.org

www.whc.unesco.org/en/statesparties/MM/

www.en.wikipedia.org/wiki/Yangon_City_Heritage_List

www.archaeologymm.com

www.myanmars.net/myanmar-arts/

www.dvb.no